# ပြည်သူများ လုံး၀ (လုံး၀) မပေါ့ဆကြပါနှင့်

နေပြည်တော်၊ (၂၀၂၀) ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်

- ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၃၀-၇-၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၂:၃၀)နာရီ အချိန်တွင် ထုတ်ပြန်သော သတင်းအချက်အလက်များအရ -
- တစ်ကမ္ဘာလုံးတွင် COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေမှာ **ဓာတ်ခွဲအတည်ပြုလူနာဦးရေ စုစုပေါင်း (၁၆,၈၁၂,၇၅၅) ဦးနှင့် သေဆုံးသူဦးရေ စုစုပေါင်း (၆၆၂,၀၉၅) ဦး** ရှိပါသည်။

ရောဂါဖြစ်ပွားမှုအများဆုံး (၁၀) နိုင်ငံ၏ COVID-19 ဖြစ်ပွားမှု အခြေအနေမှာ -

| စဉ် | နိုင်ငံ | လူဦးရေ (သန်းပေါင်း)* | COVID-19 ဖြစ်ပွားသူဦးရေ | | | ရောဂါကြောင့် သေဆုံးသူဦးရေ (၃၀-၇- ၂၀၂၀) အထိ |
|---|---|---|---|---|---|---|
| | | | (၂၉-၇-၂၀၂၀) | (၃၀-၇-၂၀၂၀) | တစ်ရက်အတွင်း ထပ်တိုး လူနာ အသစ် | |
| ၁။ | အမေရိကန် | ၃၂၉.၁ | ၄,၂၆၃,၅၃၁ | ၄,၃၂၃,၁၆၀ | ၅၉,၆၂၉ | ၁၄၇,၄၄၉ |
| ၂။ | ဘရာဇီး | ၂၁၂.၄ | ၂,၄၄၂,၃၇၅ | ၂,၄၈၃,၁၉၁ | ၄၀,၈၁၆ | ၈၈,၅၃၉ |
| ၃။ | အိန္ဒိယ | ၁၃၆၈.၇ | ၁,၅၃၁,၆၆၉ | ၁,၅၈၃,၇၉၂ | ၅၂,၁၂၃ | ၃၄,၉၆၈ |
| ၄။ | ရုရှ | ၁၄၃.၉ | ၈၂၈,၉၉၀ | ၈၃၄,၄၉၉ | ၅,၅၀၉ | ၁၃,၈၀၂ |
| ၅။ | တောင်အာဖရိက | ၅၉.၃ | ၄၅၉,၇၆၁ | ၄၇၁,၁၂၃ | ၁၁,၃၆၂ | ၇,၄၉၇ |
| ၆။ | မက္ကဆီကို | ၁၂၈.၉ | ၃၉၅,၄၈၉ | ၄၀၂,၆၉၇ | ၇,၂၀၈ | ၄၄,၈၇၆ |
| ၇။ | ပီရူး | ၃၂.၉ | ၃၈၉,၇၁၇ | ၃၉၅,၀၀၅ | ၅,၂၈၈ | ၁၈,၆၁၂ |
| ၈။ | ချီလီ | ၁၈.၃ | ၃၄၉,၈၀၀ | ၃၅၁,၅၇၅ | ၁,၇၇၅ | ၉,၂၇၈ |
| ၉။ | ယူနိုက်တက်ကင်းဒမ်း | ၇၉ | ၃၀၀,၆၉၆ | ၃၀၁,၄၅၉ | ၇၆၃ | ၄၅,၉၆၁ |
| ၁၀။ | အီရန် | ၈၂.၈ | ၂၉၆,၂၇၃ | ၂၉၈,၉၀၉ | ၂,၆၃၆ | ၁၆,၃၄၃ |

* UNFPA မှ ၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်ထားသော လူဦးရေစာရင်း

မြန်မာနိုင်ငံ၊ အိမ်နီးချင်းနှင့် အာရှဒေသနိုင်ငံအချို့၏ COVID-19 ဖြစ်ပွားမှု အခြေအနေမှာ –

| စဉ် | နိုင်ငံ | လူဦးရေ (သန်းပေါင်း)* | COVID-19 ဖြစ်ပွားသူဦးရေ | | | ရောဂါကြောင့် သေဆုံးသူဦးရေ (၃၀-၇-၂၀၂၀) အထိ |
|---|---|---|---|---|---|---|
| | | | (၂၉-၇-၂၀၂၀) | (၃၀-၇-၂၀၂၀) | တစ်ရက်အတွင်း ထပ်တိုး လူနာအသစ် | |
| (က) | ပါကစ္စတန် | ၂၂၀.၉ | ၂၇၆,၂၈၈ | ၂၇၇,၄၀၂ | ၁,၁၁၄ | ၅,၉၂၄ |
| (ခ) | ဘင်္ဂလားဒေ့ရှ် | ၁၆၈.၁ | ၂၂၉,၁၈၅ | ၂၃၂,၁၉၄ | ၃,၀၀၉ | ၃,၀၃၅ |
| (ဂ) | အင်ဒိုနီးရှား | ၂၆၉.၅ | ၁၀၂,၀၅၁ | ၁၀၄,၄၃၂ | ၂,၃၈၁ | ၄,၉၇၅ |
| (ဃ) | တရုတ်ပြည်သူ့ သမ္မတနိုင်ငံ | ၁၄၂၀.၁ | ၈၇,၄၅၇ | ၈၇,၆၈၀ | ၂၂၃ | ၄,၆၆၅ |
| (င) | ဖိလစ်ပိုင် | ၁၀၉.၆ | ၈၃,၆၇၃ | ၈၅,၄၈၆ | ၁,၈၁၃ | ၁,၉၆၂ |
| (စ) | စင်္ကာပူ | ၅.၉ | ၅၁,၁၉၇ | ၅၁,၅၃၁ | ၃၃၄ | ၂၇ |
| (ဆ) | ထိုင်း | ၆၉.၃ | ၃,၂၉၈ | ၃,၃၀၄ | ၆ | ၅၈ |
| (ဇ) | ဗီယက်နမ် | ၉၇.၃ | ၄၄၆ | ၄၅၉ | ၁၃ | ၀ |
| (ဈ) | မြန်မာ | ၅၄.၃ | ၃၅၃ | ၃၅၃ | ၀ | ၆ |

ဤကဲ့သို့ ကမ္ဘာတစ်ဝန်းတွင် COVID-19 ကူးစက်ဖြစ်ပွားသေဆုံးမှုများ ဆက်လက်များပြားလျက် ရှိသောကြောင့် ပြည်သူများအနေဖြင့် ပေါ့ဆမှု (လုံးဝ) မရှိဘဲ အောက်ပါအချက်များကို ဆက်လက် လိုက်နာကျင့်သုံးပါက မြန်မာနိုင်ငံ၌ COVID-19 ကူးစက်မှုဒုတိယလှိုင်းဖြစ်ရန် အလားအလာ အလွန်နည်းပါမည်။

(က) တတ်နိုင်သမျှ လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ (လုံးဝ) မသွားကြပါရန်။

(ခ) တစ်ဦးနှင့် တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ကြပါရန်။ ဖြစ်နိုင်ပါက အနည်းဆုံး (၆) ပေ အကွာမှသာ နေထိုင်ပြောဆိုဆက်ဆံကြပါရန်။

(ဂ) အပြင်ထွက်တိုင်းနှင့် လူစုလူဝေးရှိသည့်နေရာများသို့ သွားသည့်အခါတိုင်း ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ကြပါရန်။

(ဃ) လက်တွင်ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ အနည်းဆုံး စက္ကန့် (၂၀) ကြာအောင် ဆေးကြောကြပါရန်။

ပြည်ထောင်စုဝန်ကြီး

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန